## မတော်တဆ ယာဉ်တိုက်မှု



သင် သို့မဟုတ် သင်၏ယာဉ် မတော်တဆ ယာဉ်တိုက်မှုတွင် ပါဝင်ခဲ့ပါကအခင်းဖြစ်ပွားသည့် နေရာမှ လုံးဝ မထွက်ခွာပါနှင့်။ အခင်းဖြစ်သည့်နေရာမှ ထွက်ခွာခြင်းသည် ဥပဒေအားဆန့်ကျင်ခြင်းဖြစ်သည်။

သင့်တွင် အာမခံနှင့် လိုင်စင် မရှိလျှင်တောင်မှ ရဲရောက်ရှိလာသည်အထိ စောင့်ဆိုင်းရမည်။

ကန်တပ်ကီ၏
ယာဉ်မတော်တဆဖြစ်မှုများနှင့်ပတ်သက်၍
အသေးစိတ်သိရှိလိုပါက ---

ဘိုးလင်းဂရင်းရဲဌာန
ဖုန်းနံပါတ် - (270) 393-4000
www.bgky.org/police
သို့မဟုတ်
ကန်တပ်ကီ သယ်ယူပို့ဆောင်ရေးဌာန
ဖုန်းနံပါတ် - (270) 746-7493
www.drlic.kytc.ky.gov


## ရပ်နားပါ။

အကယ်၍သင်သည် အဝေးပြေးလမ်းမကြီး၏ အခြားတဖက်တွင် ရှိမနေခဲ့လျှင် ကျောင်းကားမှ ခရီးသည်များ (ကလေးများ) အတင်အချပြုလုပ်နေချိန်နှင့်ကြုံ လျှင် သင်၏ယာဉ်ကို ရပ်တန့်ရမည်။ ကျောင်းကားမောင်းနှင်သည့်သူမှ ကျောင်းသူကျောင်းသားများ (ခရီးသည်များ) အား အတင်အချပြုလုပ်ခါနီးတွင် အချက်ပြမီးနှင့်သင့်အား အချက်ပြပါလိမ့်မည်။ ဤစည်းကမ်းများအား မလိုက်နာပါက သင်သည် ဥပဒေအားချိုးဖောက်သူဖြစ်သည်။





အချက်ပြမီးများ ဖွင့်ချည်ပိတ်ချည်ဖြစ်နေခြင်းမှာ ရထားတစင်းသည်မကြာမီဖြတ်သန်းတော့မည်ဟု အချက်ပြနေခြင်းကြောင့် ရထားလမ်းအား မည်သည့်အကြောင်းနှင့်မျှ ဖြတ်ကျော်ရန် မကြိုးစားပါနှင့်။ အတားအဆီးများချထားလျှင် ယင်းတို့နားသို့သွားရောက်ရန် မကြိုးစားပါနှင့်။ ယာဉ်အများ ရထားနှင့်တိုက်မိကြရခြင်းမှာ ယာဉ်မောင်းများက ရထားအားကျော်ဖြတ်ရန်ကြိုးစားသည့်အခါနှင့် အတားအဆီးများအနား သွားရောက်ခြင်းကြောင့်ဖြစ်သည်။ ရထားဖြတ်ကျော်ပြီး ဟန့်တားလက်တံရုတ်သိမ်း၍ အချက်ပြမီးများ ဖွင့်ချည်ပိတ်ချည် မရှိတော့သည့်တိုင်အောင် သည်းခံစောင့်ဆိုင်းပါ။ ပြီးမှ ရထားလမ်းအားဖြတ်ကျော်ပါ။





# ယာဉ်စည်းကမ်းဥပဒေများ



## ဂရုတစိုက်ယာဉ်မောင်းပါ။

BGPD ထောက်ပံ့မှုဖြင့် ထုတ်ဝေဖြန့်ချိမှု

Burmese

## ယာဉ်တစီးအား မောင်းနှင်ခြင်း


သင့်တွင် ကန်တပ်ကီ သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏အခြားပြည်နယ်တခု၏ အကျုံးဝင်နေသေးသည့် ယာဉ်မောင်းခွင့် လိုင်စင် လက်ဝယ်ကိုင်ဆောင်ထားရမည်။ အကယ်၍ သင်သည် ကန်တပ်ကီတွင် ရက်ပေါင်း ၃၀ ကျော်နေထိုင်ခဲ့ပြီး ယာဉ်မောင်းလိုပါက ကန်တပ်ကီ ယာဉ်မောင်းခွင့် လိုင်စင် ရှိရမည်ဖြစ်သည်။ အကယ်၍သင်သည် အမေရိကန်တွင် တရားဝင်ရောက်ရှိလာသူ (ဥပမာ- ကျောင်းသား၊ ခေတ္တအလည်လာသူ သို့မဟုတ် ကျွမ်းလှည့်ခရီးသွား) ဖြစ်ပါက သင့်နိုင်ငံ၏ ယာဉ်မောင်းခွင့် လိုင်စင်ဖြင့် ခေတ္တ ယာဉ်မောင်းနိုင်ပါသည်။



သင်ယာဉ်မောင်းနေသည့်အချိန်တွင် အာမခံနှင့် ယာဉ်မှတ်ပုံတင်အားသက်သေပြနိုင်ရန် သေချာပါစေ။




## အမူးလွန်နေသည့်အချိန်တွင် မည်သည့်အခါမှ ယာဉ်မမောင်းပါနှင့်



မူးယစ်သေစာ(ဘီယာ၊ဝိုင် သို့ အခြားမူးယစ်စေသည့်အရည်များ) သောက်စားပြီး ယာဉ်မောင်းခြင်းသည် ဥပဒေကို ဆန့်ကျင်ခြင်းဖြစ်သည်။ နှစ်စဉ် ယာဉ်မတော်တဆဖြစ်မှုများနှင့်သေဆုံးမှုများသည် လူအများအမူးလွန်၍ ယာဉ်မောင်းခြင်းကြောင့်ဖြစ်သည်။ အကယ်၍ သင်မူးပြီးမောင်းလျှင် ဖမ်းဆီးထိန်းသိမ်းခံရမည်။ ဘီယာ ၂ လုံးသည် ဘီယာနှစ်လုံးလောက် သောက်ခြင်းဟာ သင့်ရဲ့ ကားမောင်းနိုင်စွမ်းကို ထိခိုက်စေပြီး ထောင်ထဲကို ရောက်သွားနိုင်ပါတယ်။



## ခါးပတ်ကြိုးတပ်ဆင်ပါ။

ကန်တပ်ကီပြည်နယ်တွင် နောက်တွင်ထိုင်သူများအပါအဝင်ယာဉ်စီးသူအားလုံး ခါးပတ်ကြိုးတပ်ရမည်။

## ကလေးများနှင့်အတူ ယာဉ်မောင်းသည့်အခါ

ကလေးငယ်များအား အထူးထိုင်ခုံဖြင့် နောက်ခန်းတွင်ထိုင်ခိုင်းသင့်သည်။ အသက် ၇ နှစ်အောက်ရှိပြီး



လက်မ ၄၀ နှင့် ၅၀ ကြား ကလေးများအား ဘူစတာထိုင်ခုံဖြင့် နောက်တွင်ထိုင်ခိုင်းသင့်သည်။ (ပုံတွင် ကြည့်ပါ။)

